Government of Western Australia
Child and Adolescent Health Service

# ADHD ရောဂါကုသမှုအတွက် ရွေးချယ်စရာများ

**အကျဉ်းချုပ်**

- ADHD ၏ လက္ခဏာများကို ဆေးဝါးအသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ ကုသရန် နည်းလမ်းနှစ်သွယ် ရှိပါသည်။
- ဆေးဝါး အသုံးပြု၍ကုသခြင်းနှင့် အသုံးမပြုဘဲကုသခြင်း နည်းလမ်းနှစ်ခုစလုံးသည် ADHD ရှိသော ကလေးများကို ကူညီပေးနိုင်သည်။
- သင့်ကလေး၏ဆရာဝန်နှင့် အခြားကျန်းမာရေးကျွမ်းကျင်သူများက ကလေးအား အထောက်အကူဖြစ်မည့်အကောင်းဆုံးနည်းလမ်းကို ကူညီရှာဖွေပေးပါမည်။ သင့်ကလေးအတွက် ကုသမှုသည် အခြားကလေးများနှင့် သူတို့၏ မိသားစုများအတွက် ကုသချက်များနှင့် ကွဲပြားနိုင်သည်။



သုတေသနပြုချက်များအရ ADHD ရှိသော ကလေးများကို ဆေးဝါးအသုံးပြု၍ကုသခြင်းနှင့် အသုံးမပြုဘဲကုသခြင်းဖြင့် ကူညီပေးနိုင်သည်။ သင့်ကလေးသည် ၎င်းတို့၏ ADHD ကို အထောက်အကူရရန် ဆေးသောက်နေသော်လည်း အခြားကူညီပေးသည့်နည်းဗျူဟာများဖြစ်သော ကလေးတို့၏ သင်ယူမှု၊ ပေါင်းသင်းဆက်ဆံရေးနှင့် မိသားစုဆက်ဆံရေးတို့ကို အသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။ ၎င်းကို ဘက်စုံကုသခြင်း (Multi-modal treatment) ဟု ခေါ်ပါသည်။

အိမ်တွင် သင့်ကလေး၏ အာရုံစူးစိုက်မှု၊ စည်းကမ်းလိုက်နာခြင်းနှင့် အာရုံစူးစိုက်မှုစွမ်းရည်တို့ကို ကူညီပေးနိုင်သည့် နည်းလမ်းများစွာရှိပါသည်။ ကလေး၏ သင်ကြားမှု၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျောင်းတွင် အလုံးစုံ ကောင်းမွန်စေရန်အတွက် ပံ့ပိုးကူညီရန် ကလေး၏ ဆရာ/မနှင့်လည်း ပူးပေါင်းလုပ်ဆောင်နိုင်သည်။

သင့်ကလေးအား ကူညီရန် နည်းလမ်းများနှင့် အကြံဉာဏ်များအတွက် အာရုံစူးစိုက်မှု၊ စည်းကမ်းလိုက်နာခြင်းနှင့် အာရုံစူးစိုက်မှုဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုပါ။

## အာရုံစူးစိုက်မှု၊ စည်းကမ်းလိုက်နာခြင်းနှင့် အာရုံစူးစိုက်မှုစွမ်းရည်ကို ထောက်ပံ့ပေးရန် ဆေးဝါး

သုတေသနတွေ့ရှိချက်အရ ဆေးဝါးသည် ကလေးများနှင့် လူငယ်များအတွက် ADHD ရောဂါလက္ခဏာများကို လျှော့ချရန် ထိရောက်သောနည်းလမ်းဖြစ်ကြောင်း သိရှိရသည်။ ဆေးဝါးမှီဝဲခြင်းသည် အာရုံစူးစိုက်မှုကို မြှင့်တင်နိုင်ပြီး တဇွတ်ထိုး အမူအကျင့်များ (မဆင်ခြင်ဘဲ လုပ်ဆောင်တတ်သောအရာများ) ကို ထိန်းချုပ်နိုင်သည့်အပြင် ဂဏှာမငြိမ်ခြင်းကို လျှော့ချနိုင်သည်။ ထို့အပြင် ကလေးများသည် သင်ယူနိုင်စွမ်း၊ ပေါင်းသင်းဆက်ဆံရေးနှင့် မိသားစုလှုပ်ရှားမှုများတွင် ပါဝင်နိုင်မှု ပိုမိုကောင်းမွန်လာပါသည်။

ADHD ၏ လက္ခဏာများကို ကုသရန် အသုံးပြုသော ဆေးဝါး အမျိုးအစား နှစ်မျိုး ရှိသည် - စိတ်ကိုလှုံ့ဆော်နိုင်သောဆေးနှင့် စိတ်ကိုလှုံ့ဆော်မှုမရှိသောဆေးတို့ဖြစ်သည်။ ယေဘုယျအားဖြင့် ထိုဆေးဝါးများသည် ဘေးကင်းပြီး ထိရောက်မှုရှိသည်။ သို့သော်လည်း အခြားဆေးဝါးများကဲ့သို့ပင် ထိုဆေးဝါးများသည် ဘေးထွက်ဆိုးကျိုးများကို ဖြစ်စေနိုင်သည်။ ဘေးထွက်ဆိုးကျိုးဆိုသည်မှာ မမျှော်လင့်ထားသော သို့မဟုတ် မလိုလားအပ်သော တုံ့ပြန်မှုတစ်ခုဖြစ်သည်။ ADHD ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုး အများစုသည် ထိန်းချုပ်နိုင်ပြီး ကြာရှည်မဖြစ်ပါ။

သင့်ကလေးသည် ဆရာဝန်ကို ပုံမှန်ပြသရန် အရေးကြီးပါသည်။ သင့်ကလေး၏ ဆေးဝါးအပေါ် တုံ့ပြန်မှု၊ သူတို့၏ အလုံးစုံဖွံ့ဖြိုးမှုနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကို ဆရာဝန်က ဂရုတစိုက်စောင့်ကြည့်မည်ဖြစ်သည်။ ဆေးအာနိသင်ရရှိရန် သေချာစေပြီး ဘေးထွက်ဆိုးကျိုးများ ရှိမရှိ စောင့်ကြည့်စစ်ဆေးမည်ဖြစ်သည်။ ထိုစောင့်ကြည့်မှုတွင် ကလေး၏ ကိုယ်အလေးချိန်၊ အရပ်နှင့် သွေးပေါင်ချိန်ကို ပုံမှန်စစ်ဆေးခြင်း ပါဝင်သည်။

ADHD ဆေးဝါးအကြောင်း ပိုမိုသိရှိလိုပါက အောက်ပါတို့တွင် လေ့လာနိုင်ပါသည်-

- ADHD အတွက် စိတ်ကိုလှုံ့ဆော်နိုင်သောဆေး
- ADHD အတွက် စိတ်ကိုလှုံ့ဆော်မှုမရှိသောဆေးများ
- ADHD အတွက် ဆေးစတင်သောက်သုံးခြင်

## အရင်းအမြစ်များ-

- အာရုံစူးစိုက်မှု၊ စည်းမျဉ်းစည်းကမ်းလိုက်နာခြင်း နှင့် အာရုံစူးစိုက်မှုစွမ်းရည်ကို ပံ့ပိုးရန် နည်းလမ်းများ - ဗီဒီယို အရင်းအမြစ် | ကလေးနှင့် ဆယ်ကျော်သက် ကျန်းမာရေးဝန်ဆောင်မှု
- ADHD ရောဂါရှိကလေးများနှင့် ဆယ်ကျော်သက်မပြည့်မကလေးများအား ပံ့ပိုးပေးခြင်း | ကလေးသူငယ်များ ပြုစုပျိုးထောင်ရေး လုပ်ငန်းစဉ်
- ADHD ကို မည်သို့ကုသမည်နည်း။ | AADPA
- အထူးပြုဆေးဝါးများဆိုင်ရာ အချက်အလက်များ- ရွေးချယ်မှုနှင့် ဆေးဝါးများ | WA ကျန်းမာရေးဌာန
- ADHD အတွက် သြစတြေးလျ၏ အထောက်အထားအခြေပြု လက်တွေ့ကျင့်သုံးရန် လမ်းညွှန်ချက်စာအုပ် – သုံးစွဲသူ လက်စွဲစာအုပ် | AADPA

ဤထုတ်ဝေမှုသည် အထွေထွေပညာပေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ထုတ်ဝေခြင်းဖြစ်သည်။ ဆေးဘက်ဆိုင်ရာအကြံဉာဏ်များလိုအပ်ပါက အရည်အချင်းပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်သူထံ ဆက်သွယ်ပါ။
©State of Western Australia, Child and Adolescent Health Service, June 2025
CAH-001854_1